ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၇၅ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို လက်ခစားအပ်ကုန်စနစ်ဆိုင်ရာ အကောက်ခွန်လုပ်ထုံးလုပ်နည်း များဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များ သည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) လက်ခစားအပ်ကုန်စနစ် ဆိုသည်မှာ ပြည်ပမှတင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများအား ပြည်တွင်း၌ ဖြတ်တောက်ခြင်း၊ ချုပ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ပြန်လည်ပြင်ဆင်ခြင်း နည်းလမ်းတစ်မျိုးမျိုးဖြင့် ကုန်ကြမ်းပစ္စည်းများကို ကုန်ချောအဖြစ် ထုတ်လုပ်ပြီး ယင်း ကုန်ချောများကို ထုပ်ပိုး၍ ပြည်ပသို့ ပြန်လည်တင်ပို့ရာတွင် လက်ခရယူ ဆောင်ရွက် သည့် စနစ်ကိုဆိုသည်။

(ခ) မလွန်ဆန်နိုင်သော ဖြစ်ရပ်များ (Force Majeure) ဆိုသည်မှာ ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး အစရှိသည့် သဘာဝအလျောက် ကြုံတွေ့နိုင်သည့်ဘေး၊ ကပ်ရောဂါဘေး၊ စစ်ဘေး၊ နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရား ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှု ပျက်ပြယ်ခြင်း ကိစ္စရပ်များစသည်တို့ကို ဆိုသည်။

(ဂ) **ကုန်ကြမ်းပစ္စည်း** ဆိုသည်မှာ လက်ခစားအပ်ကုန်စနစ်အရ ကုန်ချော ထုတ်လုပ်၍ ပြည်ပသို့ပြန်လည်တင်ပို့ရန် တင်သွင်းလာသော ကုန်ကြမ်းပစ္စည်းများ၊ တစ်ပိုင်းတစ်စ ထုတ်လုပ်ပြီးသော ကုန်ပစ္စည်းများကို ဆိုသည်။

(ဃ) **ထုပ်ပိုးပစ္စည်း** ဆိုသည်မှာ လက်ခစားအပ်ကုန်စနစ်အရ ကုန်ချောထုတ်လုပ်၍ ပြည်ပသို့ ပြန်လည်တင်ပို့ရာတွင် ယင်းကုန်ချောပစ္စည်းများကို ထုပ်ပိုးရန်အတွက် လည်းကောင်း၊ အထောက်အကူပြုရန်အတွက်လည်းကောင်း တင်သွင်းလာသော ပစ္စည်းများကိုဆိုသည်။

**အခန်း(၂)**

**သွင်းကုန်၊ ထုတ်ကုန်ကြေညာလွှာများတင်သွင်းခြင်း**

၃။ လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ကြမ်းပစ္စည်းများနှင့် ထုပ်ပိုးပစ္စည်းများ တင်သွင်းရာတွင် သွင်းကုန်ကြေညာလွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) သွင်းကုန်လိုင်စင်၊

(ခ) ကုန်တင်တန်ဆာ၊

(ဂ) ကုန်တန်ဖိုးစာရင်း၊

(ဃ) ကုန်ထုပ်ပိုးမှုစာရင်း၊

(င) လုပ်ငန်းအပ်နှံမှုစာချုပ်၊

(စ) ကုန်အမှာစာ၊

(ဆ) ကုန်ပစ္စည်းအမျိုးအစားအလိုက် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုထောက်ခံချက်များ၊

(ဇ) ကုန်ကြမ်းပစ္စည်းများ သို့မဟုတ် ထုပ်ပိုးပစ္စည်းများနှင့်စပ်လျဉ်းသည့် ကတိခံဝန် ချက် (နောက်ဆက်တွဲပုံစံ-၁)၊

(ဈ) ပြည်ပသို့တင်ပို့မည့် ကုန်ချောတစ်ယူနစ် အတွက်လိုအပ်သည့် ကုန်ကြမ်း အမျိုးအမည်၊ အရေအတွက်နှင့်စပ်လျဉ်းသည့်ဖော်ပြချက်(နောက်ဆက်တွဲ ပုံစံ-၂)၊

(ည) ကုန်ကြမ်းပစ္စည်းတင်သွင်းမှုစာရင်း ဇယား (နောက်ဆက်တွဲ ပုံစံ -၃)၊

(ဋ) ထုပ်ပိုးပစ္စည်း တင်သွင်းမှုစာရင်း ဇယား (နောက်ဆက်တွဲ ပုံစံ -၄)။

၄။ လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောပြုလုပ်၍ ပြည်ပသို့ပြန်လည်တင်ပို့ရာတွင် ထုတ်ကုန် ကြေညာလွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) သွင်းကုန်ကြေညာလွှာနှင့် ပူးတွဲစာရွက်စာတမ်းများ၊

(ခ) ပို့ကုန်လိုင်စင်၊

(ဂ) ကုန်တန်ဖိုးစာရင်း၊

(ဃ) ကုန်ထုပ်ပိုးမှုစာရင်း၊

(င) ကုန်အမှာစာ၊

(စ) ကုန်ပစ္စည်းတင်ရန်ကြိုတင်အကြောင်းကြားစာ၊

(ဆ) ကုန်ပစ္စည်းအမျိုးအစားအလိုက် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုထောက်ခံချက်များ၊

(ဇ) ကုန်ကြမ်းပစ္စည်းများ သို့မဟုတ် ထုပ်ပိုးပစ္စည်းများနှင့်စပ်လျဉ်းသည့် ကတိခံဝန် ချက် (နောက်ဆက်တွဲပုံစံ-၁(က))၊

(ဈ) ပြည်ပသို့တင်ပို့မည့် ကုန်ချောတစ်ယူနစ်အတွက် လိုအပ်သည့် ကုန်ကြမ်းအမျိုး အမည်၊ အရေအတွက်နှင့်စပ်လျဉ်းသည့်ဖော်ပြချက် (နောက်ဆက်တွဲ ပုံစံ-၂)၊

(ည) တင်သွင်းထားသော ကုန်ကြမ်းပစ္စည်းများနှင့် ထုပ်ပိုးပစ္စည်းများ ပြည်ပသို့ပြန်လည် တင်ပို့ကြောင်း ဖော်ပြချက် (နောက်ဆက်တွဲ ပုံစံ-၅)။

## အခန်း(၃)

## ပြန်လည်တင်ပို့ရမည့်ကာလသတ်မှတ်ခြင်းနှင့် သက်တမ်းတိုးလျှောက်ထားခြင်း

၅။ တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများနှင့် ထုပ်ပိုးပစ္စည်းများကို ကုန်ချောထုတ်လုပ်၍ ပြည်ပ သို့ ပြန်လည်တင်ပို့ရာတွင် သွင်းကုန်ကြေညာလွှာတင်သွင်းသည့်နေ့မှ တစ်နှစ်အတွင်း တင်ပို့ရမည်။

၆။ လက်ခစားအပ်ကုန်စနစ်ဆောင်ရွက်ခွင့်ရရှိသူသည် အပိုဒ် ၅ အရ သတ်မှတ်ထားသော ကာလ အတွင်း အကြောင်းအမျိုးမျိုးကြောင့် တင်ပို့မှုမပြုနိုင်ပါက သက်တမ်းတိုးခွင့်ပြုရန် သတ်မှတ် ကာလမကုန်ဆုံးမီ နှစ်လကြိုတင်၍ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြလျှောက်ထားရမည်။

၇။ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်သည် အပိုဒ် ၆ အရ လျှောက်ထားမှုကို စိစစ်ပြီး ကျိုးကြောင်းခိုင်လုံပါက တစ်ကြိမ်လျှင် တစ်နှစ်စီဖြင့် နှစ်ကြိမ်အထိ သက်တမ်းတိုးခွင့်ပြုနိုင်သည်။

## အခန်း(၄)

## အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်မတင်ပို့နိုင်ခြင်းနှင့် လွှဲပြောင်းရောင်းချခြင်း

၈။ ကုန်ချောပစ္စည်းများသည် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိ၍ ပြည်ပသို့ တင်ပို့ခြင်း မပြုဘဲ ပြည်တွင်းတွင်ရောင်းချခြင်း၊ ကုန်ကြမ်းပစ္စည်းများ နှင့် ထုပ်ပိုးပစ္စည်းများကို ပြည်တွင်း လွှဲပြောင်းရောင်းချခြင်း ပြုမည်ဆိုပါက ပြည်ပမှတင်သွင်းရာတွင် ကင်းလွတ်ခွင့်ရရှိခဲ့သည့် ကုန်ကြမ်း

ပစ္စည်းများနှင့် ထုပ်ပိုးပစ္စည်းများအတွက် ကျသင့်အကောက်ခွန်၊ အခြားအခွန်အခများ ပေးဆောင်ရမည့်အပြင် သတ်မှတ်ဒဏ်ကြေးငွေကိုလည်း ပေးဆောင်ရမည်။

၉။ ထုတ်လုပ်တင်ပို့ပြီးသော ကုန်ချောပစ္စည်းများအားအကြောင်းအမျိုးမျိုးကြောင့် ကုန်လက်ခံသူမှ ငြင်းပယ်၍ ပြန်လည်တင်သွင်းလာပါက ၎င်းပစ္စည်းများကို ကုန်ချောတင်ပို့သူမှ ပြည်တွင်းသုံးအဖြစ် အသုံးပြုမည်ဆိုလျှင် ထုတ်လုပ်ရာတွင်သုံးစွဲထားသော ပြည်ပမှတင်သွင်းခဲ့သည့် ကုန်ကြမ်းပစ္စည်းများနှင့် ထုပ်ပိုးပစ္စည်းများအတွက် ကျသင့်အကောက်ခွန်၊ အခြားအခွန်အခများပေးဆောင်ရမည့်အပြင် သတ်မှတ်ဒဏ်ကြေးငွေကိုလည်း ပေးဆောင်ရမည်။

၁၀။ ကုန်ကြမ်းပစ္စည်းများနှင့် ထုပ်ပိုးပစ္စည်းများကိုဖြစ်စေ၊ ကုန်ချောပစ္စည်းများကိုဖြစ်စေ ပြည်တွင်းသုံးစွဲခြင်းမပြုဘဲ ဖျက်ဆီးရန် လက်ခစားအပ်ကုန်စနစ် ဆောင်ရွက်ခွင့်ရရှိသူသည် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားပါက မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှန်ကန်ကြောင်း အတည်ပြုချက်ရရှိလျှင် ဖျက်ဆီးရမည်။ ယင်းဖျက်ဆီးသည့်ပစ္စည်းများအတွက် ကျသင့်အကောက်ခွန်ကင်းလွတ်ခွင့်ရမည်။

၁၁။ ပြည်ပသို့ပြန်လည်တင်ပို့နိုင်ခြင်းမရှိသည့် ကုန်ကြမ်းပစ္စည်းများ၊ ထုပ်ပိုးပစ္စည်းများနှင့်ကုန်ချောပစ္စည်းများကို ပြည်တွင်း၌ ဖျက်ဆီးရာတွင် -

(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

(ခ) မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ရှေ့မှောက်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သတ်မှတ်ချက်များနှင့်အညီ ဖျက်ဆီးဆောင်ရွက်ရမည်။

(ဂ) ဖျက်ဆီးသည့်ပမာဏကို နောက်ဆက်တွဲ ပုံစံ-၈ ပါအတိုင်း စနစ်တကျ မှတ်တမ်းပြုစုထားရှိရမည်။

(ဃ) ဖျက်ဆီးမှုအတွက် ကုန်ကျစရိတ်အား သက်ဆိုင်ရာ ကုမ္ပဏီမှ ကျခံရမည်။

၁၂။ လက်ခစားအပ်ကုန်စနစ် ဆောင်ရွက်ခွင့်ရသူသည် မလွန်ဆန်နိုင်သောဖြစ်ရပ်များ (Force Majeure) ကြောင့် လေလွင့်ပျက်စီးဆုံးရှုံးခြင်းများနှင့်စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံလျှောက်ထားပါက မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့်စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှန်ကန်ကြောင်း အတည်ပြုချက်ရရှိလျှင် ကျသင့်အကောက်ခွန် ကင်းလွတ်ခွင့်ရမည်။

၁၃။ ကုန်ကြမ်းပစ္စည်းများကို ကုန်ချောထုတ်လုပ်၍ ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ခွင့်ပြုချက်ရယူ၍တန်ဖိုးမဲ့သည်အထိ ဖျက်ဆီးခြင်း သို့မဟုတ် ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် အသုံးပြုခြင်းအတွက် အထောက်အထားတင်ပြနိုင်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက တင်သွင်းခဲ့သောကုန်ကြမ်းပစ္စည်းများအပေါ် ကျသင့်အကောက်ခွန်နှင့် အခြား အခွန်အခများ ပေးဆောင်ရမည်။

## အခန်း(၅)

## စာရင်းဇယားများထားရှိခြင်း

၁၄။ လက်ခစားအပ်ကုန်စနစ်ဆောင်ရွက်ခွင့်ရရှိသူသည် ကုန်ကြမ်းပစ္စည်းများနှင့် ထုပ်ပိုးပစ္စည်းများ တင်သွင်းမှု၊ ကုန်ချောထုတ်လုပ်၍ ပြည်ပသို့ ပြန်လည်တင်ပို့မှုတို့နှင့်စပ်လျဉ်းသည့်စာရင်းများကို အကောက်ခွန်ဦးစီးဌာနက စစ်ဆေးနိုင်ရန် ခုနှစ်နှစ် ထိန်းသိမ်းထားရှိရမည်။

၁၅။ လက်ခစားအပ်ကုန်စနစ်ဖြင့် တင်သွင်းထားသည့် ကုန်ကြမ်းပစ္စည်းများ၊ ထုပ်ပိုးပစ္စည်းများနှင့်စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာနက စစ်ဆေးချိန်တွင် ရှင်းလင်းတင်ပြနိုင်ရန် နောက်ဆက်တွဲ ပုံစံ-၃ နှင့် နောက်ဆက်တွဲ ပုံစံ-၄ တို့ပါအတိုင်း စာရင်းဇယားများကို မှန်ကန်စွာစနစ်တကျ ဖြည့်သွင်းထားရှိရမည်။

၁၆။ လက်ခစားအပ်ကုန်စနစ်ဆောင်ရွက်ခွင့်ရရှိသူသည် ပြည်ပသို့မတင်ပို့ဖြစ်သည့် လက်ကျန်ပစ္စည်းများရှိလျှင် ယင်းလက်ကျန်စာရင်းများကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးမည့် ဒုတိယ နောက်ဆုံးလအတွင်း ကုန်ကြမ်းပစ္စည်းများအတွက် နောက်ဆက်တွဲ ပုံစံ-၆ ဖြင့်လည်းကောင်း ၊ ထုပ်ပိုးပစ္စည်းများအတွက် နောက်ဆက်တွဲ ပုံစံ-၇ ဖြင့်လည်းကောင်း အကောက်ခွန်ဦးစီးဌာနသို့ မပျက်မကွက်တင်ပြရမည်။

၁၇။ လက်ခစားအပ်ကုန်စနစ်ဆောင်ရွက်ခွင့်ရရှိသူသည် ကုန်ချောတစ်ယူနစ် ထုတ်လုပ်ရန် လိုအပ်သော ကုန်ကြမ်းပစ္စည်း အမျိုးအစားအလိုက် အသုံးပြုမည့်ပမာဏနှင့်စံနှုန်းများ တစ်စုံတစ်ရာပြောင်းလဲမှုရှိသည့်အခါတိုင်း အကောက်ခွန်ဦးစီးဌာနသို့ အသိပေးအကြောင်းကြားရမည်။

၁၈။ လက်ခစားအပ်ကုန်စနစ်ဆောင်ရွက်ခွင့်ရရှိသူသည် အကောက်ခွန်ဦးစီးဌာနက တင်သွင်းမှု၊ တင်ပို့မှု စာရင်းဇယားများ၊ အထောက်အထားများကို စစ်ဆေးရန် တောင်းဆိုလျှင် မှန်ကန်စွာတင်ပြရမည်။

## အခန်း(၆)

## အထွေထွေ

၁၉။ လက်ခစားအပ်ကုန်စနစ်ဆိုင်ရာ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေနှင့် တည်ဆဲဥပဒေများ အရ အရေးယူခြင်းခံရမည်။

၂၀။ ဤအမိန့်ကြော်ငြာစာသည် ၁ -၁၂ -၂၀၂၄ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

---

စာအမှတ်၊ စဘ/ဘဏ္ဍာ- ၂ / ၂ / ၂၆၇ (၅၆၄၄/၂၀၂၄)
ရက် စွဲ ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့ရုံး

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိဌာနနှင့်အဖွဲ့အစည်းများအားလုံး

ညွှန်ကြားရေးမှူးချုပ် ⎫ မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ⎭ ထည့်သွင်းကြေညာပေးပါရန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ညီနောင်အသင်းအဖွဲ့များထံထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။)

အမိန့်အရ

(မင်းထွဋ်)
ဒုတိယဝန်ကြီး

နောက်ဆက်တွဲ ပုံစံ-၁

သို့

ညွှန်ကြားရေးမှူးချုပ်

အကောက်ခွန်ဦးစီးဌာန

ရက်စွဲ။

အကြောင်းအရာ။ **လက်ခစားအပ်ကုန်စနစ်ဖြင့် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများ/ ထုပ်ပိုးပစ္စည်းများနှင့်စပ်လျဉ်းသည့် ကတိခံဝန်ချက်**

၁။ ကျွန်တော်/ကျွန်မတို့၏ ---------- ကုမ္ပဏီ/လုပ်ငန်း/အဖွဲ့အစည်းမှ ရန်ကုန်ဆိပ်ကမ်း/ လေဆိပ်/နယ်စပ် မှ -------------- နေ့တွင် ဆိုက်ရောက်သည့် ------------ သင်္ဘော/လေယာဉ်/ယာဉ် ၊ BL / AWB / Truck Note / Cargo Receipt No.-----------၊ ကုန်တန်ဘိုးစာရင်းအမှတ်/ရက်စွဲ (Invoice No./Date) ----------------- နှင့် ထုပ်ပိုးစာရင်း (Packing List) ပါ ပစ္စည်းများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အခွန်ကင်းလွတ်ခွင့်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ - - ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် -------- အရ လက်ခစားအပ်ကုန်စနစ်ဖြင့် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများ/ ထုပ်ပိုးပစ္စည်းများ ဖြစ်ပါသည်။

၂။ အဆိုပါ ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ကုန်ချောထုတ်လုပ်ပြီး ပြည်ပသို့ ပြန်လည်တင်ပို့ခြင်းကို သွင်းကုန်ကြေညာလွှာတင်သွင်းသည့်နေ့မှ တစ်နှစ်အတွင်း ပြန်လည် ၍ တင်ပို့မည်ဖြစ်ကြောင်း ခံဝန်ကတိပြုပါသည်။

| | |
|---|---|
| တာဝန်ခံလက်မှတ် | ------------------------------ |
| အမည် | ------------------------------ |
| ကုမ္ပဏီ/လုပ်ငန်း/အဖွဲ့အစည်း | ------------------------------ |
| ဆက်သွယ်ရမည့်လိပ်စာ | ------------------------------ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | ------------------------------ |

နောက်ဆက်တွဲ ပုံစံ-၁(က)

သို့

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

ရက်စွဲ။

အကြောင်းအရာ။ **လက်ခစားအပ်ကုန်စနစ်ဖြင့် တင်ပို့သည့် ကုန်ကြမ်းပစ္စည်းများ/ ထုပ်ပိုးပစ္စည်းများနှင့်စပ်လျဉ်းသည့် ကတိခံဝန်ချက်**

၁။ ကျွန်တော်/ကျွန်မတို့၏ --------- ကုမ္ပဏီ/လုပ်ငန်း/အဖွဲ့အစည်းမှ ရန်ကုန်ဆိပ်ကမ်း / လေဆိပ် /နယ်စပ် မှ -------------- နေ့တွင် ထွက်ခွာမည့် ------------ သင်္ဘော/လေယာဉ်/ယာဉ် ၊ Booking Note. / Air Booking Receipt. / Truck Note No. /Cargo Receipt No.-----------၊ ကုန်တန်ဘိုးစာရင်း အမှတ်၊ ရက်စွဲ (Invoice No.၊ Date) ---- ------------- နှင့် ထုပ်ပိုးစာရင်း (Packing List) ပါ ပစ္စည်းများသည် မြန်မာ နိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အခွန်ကင်းလွတ်ခွင့်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ - - ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် --------အရ လက်ခစား အပ်ကုန်စနစ်ဖြင့် တင်ပို့သည့် ကုန်ပစ္စည်းများဖြစ်ပါသည်။

၂။ အဆိုပါ ကုန်ပစ္စည်းများသည် ပြည်တွင်း၌ ကုန်ချောထုတ်လုပ်ပြီး၍ ပြည်ပသို့ ပြန်လည်တင်ပို့သည့် ကုန်ပစ္စည်းများဖြစ်ပါကြောင်းနှင့် နောက်ဆက်တွဲပုံစံ-၂ နှင့် နောက်ဆက်တွဲ ပုံစံ-၅ပါ ကြေညာချက်များအတိုင်း မှန်ကန်ပါကြောင်း ခံဝန်ကတိပြုပါသည်။

တာဝန်ခံလက်မှတ် ----------------------------
အမည် ----------------------------
ကုမ္ပဏီ/လုပ်ငန်း/အဖွဲ့အစည်း ----------------------------
ဆက်သွယ်ရမည့်လိပ်စာ ----------------------------
ဆက်သွယ်ရန်ဖုန်းနံပါတ် ----------------------------

နောက်ဆက်တွဲ ပုံစံ-၂

ရက်စွဲ၊ - -

..........ကုမ္ပဏီ/လုပ်ငန်း/အဖွဲ့အစည်း မှ ပြည်ပသို့တင်ပို့မည့် ကုန်ချောတစ်ယူနစ်အတွက်လိုအပ်သည့် ကုန်ကြမ်းအမျိုးအမည်၊ အရေအတွက်နှင့်စပ်လျဉ်းသည့် ဖော်ပြချက်

| စဉ် | ထုတ်ကုန် ကြေညာလွှာ အမှတ်/ ရက်စွဲ | ကုန်ချောအမျိုးအစား | | | | တစ်ယူနစ်ထုတ်လုပ်ရန်လိုအပ်သောကုန်ကြမ်း | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | အမှတ်တံဆိပ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက်/ ပမာဏ | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက်/ ပမာဏ | |
| | | | | | | | | | တစ်ယူနစ်အတွက် ဖော်ပြရန်အခက်အခဲ ရှိပါက ၁၀၀၀ ယူနစ်ကို ဖော်ပြနိုင်ပါသည်။ |
| | | | | | | | | | |
| | | | | | | | | | |

အထက်ပါအချက်အလက်များနှင့် စပ်လျဉ်း၍ မမှန်မကန်ရေးသားဖော်ပြပါက အကောက်ခွန်ဆိုင်ရာဥပဒေများအရ အရေးယူခံရမည်ကိုသိရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

တာဝန်ခံလက်မှတ် ------------------------------------

အမည် ------------------------------------

နောက်ဆက်တွဲ ပုံစံ-၃

ရက်စွဲ၊ - -

..........ကုမ္ပဏီ/လုပ်ငန်း/အဖွဲ့အစည်းမှ ကုန်ကြမ်းပစ္စည်းတင်သွင်းမှု စာရင်းဇယား

| စဉ် | သွင်းကုန် ကြေညာလွှာ အမှတ်/ရက်စွဲ | ကုန်ကြမ်းပစ္စည်း | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | အမှာစာအမှတ် | အမှာစာရရှိသည့် စုစုပေါင်း အရေအတွက် | အမှာစာအရ ယခင်တင်သွင်း အရေအတွက် | အမှာစာအရ တင်သွင်းရန် ကျန် အရေအတွက် | အမှတ် တံဆိပ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက်/ ပမာဏ | အလေးချိန် (KG) (Gross Weight) | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |

အထက်ပါအချက်အလက်များနှင့် စပ်လျဉ်း၍ မမှန်မကန်ရေးသားဖော်ပြပါက အကောက်ခွန်ဆိုင်ရာဥပဒေများအရ အရေးယူခံရမည်ကိုသိရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

တာဝန်ခံလက်မှတ် ------------------------------

အမည် ------------------------------

နောက်ဆက်တွဲ ပုံစံ-၄

ရက်စွဲ၊ - -

..........ကုမ္ပဏီ/လုပ်ငန်း/အဖွဲ့အစည်းမှ ထုပ်ပိုးပစ္စည်းတင်သွင်းမှု စာရင်းဇယား

| စဉ် | သွင်းကုန်ကြေညာလွှာ အမှတ်/ရက်စွဲ | ထုပ်ပိုးပစ္စည်း | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | အမှာစာ အမှတ် | အမှာစာရရှိသည့် စုစုပေါင်း အရေအတွက် | အမှာစာအရ ယခင်တင်သွင်း အရေအတွက် | အမှာစာအရ တင်သွင်းရန်ကျန် အရေအတွက် | အမှတ်တံဆိပ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက်/ ပမာဏ | အလေးချိန် (KG) (Gross Weight) | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |

အထက်ပါအချက်အလက်များနှင့် စပ်လျဉ်း၍ မမှန်မကန်ရေးသားဖော်ပြပါက အကောက်ခွန်ဆိုင်ရာဥပဒေများအရ အရေးယူခံရမည်ကိုသိရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

တာဝန်ခံလက်မှတ် ------------------------------

အမည် ------------------------------

နောက်ဆက်တွဲ ပုံစံ-၅
ရက်စွဲ၊ - -

………ကုမ္ပဏီ/လုပ်ငန်း/အဖွဲ့အစည်းမှ တင်သွင်းထားသော ကုန်ကြမ်းပစ္စည်းနှင့်ထုပ်ပိုးပစ္စည်းများ ပြည်ပသို့ ပြန်လည်တင်ပို့ကြောင်းဖော်ပြချက်

| စဉ် | ထုတ်ကုန်ကြေညာလွှာ အမှတ်/ရက်စွဲ | အမှာစာ အမှတ် | အမှာစာရရှိသည့် စုစုပေါင်း အရေအတွက် | အမှာစာ အရ ယခင် တင်ပို့ပြီး အရေ အတွက် | ယခုတင်ပို့ အရေအတွက် | တင်ပို့ရန် ကျန်အရေ အတွက် | ကုန်ချောပစ္စည်း | | | | | ကုန်ကြမ်းပစ္စည်း | | | | ထုပ်ပိုးပစ္စည်း | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | အမှတ်တံဆိပ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက်/ ပမာဏ | အလေးချိန် (KG) (Gross Weight) | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက်/ ပမာဏ | အလေးချိန် (KG) (Gross Weight) | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက်/ ပမာဏ | အလေးချိန် (KG) (Gross Weight) |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |

အထက်ပါအချက်အလက်များနှင့် စပ်လျဉ်း၍ မမှန်မကန်ရေးသားဖော်ပြပါက အကောက်ခွန်ဆိုင်ရာဥပဒေများအရ အရေးယူခံရမည်ကို သိရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

တာဝန်ခံလက်မှတ် ____________________

အမည် ____________________

နောက်ဆက်တွဲ ပုံစံ-၆

ရက်စွဲ၊ - -

..........ကုမ္ပဏီ/လုပ်ငန်း/အဖွဲ့အစည်းများမှ လက်ခစားအပ်ကုန်စနစ်ဖြင့် တင်သွင်းထားသောကုန်ကြမ်းပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းရှင်းတမ်း

( - - )မှ ( - - )အထိ

| စဉ် | သွင်းကုန်ကြေညာလွှာ အမှတ်/ရက်စွဲ | တင်သွင်းပစ္စည်း အမျိုးအမည် နှင့် အရေအတွက် | ကုန်ပစ္စည်း ရှင်းလင်းထုတ်ယူသည့်နေ့ | အမှာစာအမှတ် | ထုတ်ကုန် ကြေညာလွှာ အမှတ်နှင့်ရက်စွဲ | တင်ပို့ပစ္စည်း အမျိုးအမည်နှင့် အရေအတွက် | ပြည်တွင်းသုံးစွဲမှုအတွက် ရောင်းချခဲ့သော ပစ္စည်းအမျိုးအမည် နှင့် အရေအတွက် | လက်ကျန် ကုန်ကြမ်းပစ္စည်း အမျိုးအမည်နှင့် အရေအတွက် |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

အထက်ပါအချက်အလက်များနှင့် စပ်လျဉ်း၍ မမှန်မကန်ရေးသားဖော်ပြပါက အကောက်ခွန်ဆိုင်ရာဥပဒေများအရ အရေးယူခံရမည်ကို သိရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

တာဝန်ခံလက်မှတ် ------------------------------

အမည် ------------------------------

နောက်ဆက်တွဲ ပုံစံ-၇

ရက်စွဲ၊ - -

..........ကုမ္ပဏီ/လုပ်ငန်း/အဖွဲ့အစည်းမှ တင်သွင်းထားသော ထုပ်ပိုးပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းရှင်းတမ်း

( - - ) မှ ( - - ) အထိ

| စဉ် | သွင်းကုန်ကြေညာလွှာ အမှတ်/ရက်စွဲ | တင်သွင်းပစ္စည်း အမျိုးအမည် နှင့် အရေအတွက် | ကုန်ပစ္စည်း ရှင်းလင်းထုတ်ယူသည့်နေ့ | အမှာစာအမှတ် | ထုတ်ကုန်ကြေညာလွှာ အမှတ်နှင့်ရက်စွဲ | ပြည်ပသို့တင်ပို့စဉ် အသုံးပြုခဲ့သော ထုပ်ပိုးပစ္စည်း အမျိုးအမည်နှင့် အရေအတွက် | ပြည်တွင်းသုံးစွဲမှုအတွက် ရောင်းချခဲ့သော ပစ္စည်း အမျိုးအမည်နှင့် အရေအတွက် | လက်ကျန်ထုပ်ပိုး ပစ္စည်း အမျိုးအမည် နှင့်အရေအတွက် |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

အထက်ပါအချက်အလက်များနှင့်စပ်လျဉ်း၍ မမှန်မကန်ရေးသားဖော်ပြပါက အကောက်ခွန်ဆိုင်ရာဥပဒေများအရ အရေးယူခံရမည်ကိုသိရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

တာဝန်ခံလက်မှတ် ------------------------------

အမည် ------------------------------

နောက်ဆက်တွဲ ပုံစံ-၈

ရက်စွဲ၊ - -

…………ကုမ္ပဏီ/လုပ်ငန်း/အဖွဲ့အစည်းမှ တင်သွင်းထားပြီး ပြည်ပသို့ ပြန်လည်တင်ပို့နိုင်ခြင်းမရှိသည့် ကုန်ချောပစ္စည်း သို့မဟုတ် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ထုပ်ပိုးပစ္စည်းများ ဖျက်ဆီးခြင်းဆိုင်ရာ စာရင်းဇယား

| စဉ် | သွင်းကုန်ကြေညာလွှာ အမှတ်/ရက်စွဲ | အမှာစာ အမှတ် | အမှာစာရရှိသည့် စုစုပေါင်း အရေအတွက် | အမှာစာ အရ ယခင် တင်ပို့ပြီးအရေအတွက် | ထုတ်ကုန်ကြေညာလွှာ အမှတ်/ရက်စွဲ | တင်ပို့ရန်ကျန် အရေအတွက် | ဖျက်ဆီးမည့် အရေအတွက် | ကုန်ချောပစ္စည်း | | | | | ကုန်ကြမ်းပစ္စည်း | | | | ထုပ်ပိုးပစ္စည်း | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | အမှတ်တံဆိပ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက်/ပမာဏ | အလေးချိန် (KG) (Gross Weight) | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက်/ပမာဏ | အလေးချိန် (KG) (Gross Weight) | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက်/ပမာဏ | အလေးချိန် (KG) (Gross Weight) |
| | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | | |

အထက်ပါအချက်အလက်များနှင့် စပ်လျဉ်း၍ မမှန်မကန်ရေးသားဖော်ပြပါက အကောက်ခွန်ဆိုင်ရာဥပဒေများအရ အရေးယူခံရမည်ကို သိရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

တာဝန်ခံလက်မှတ် ------------------------------

အမည် ------------------------------